# ကိုင်းယာကြီးကျေးရွာ

## လယ်ကွက်ကြီးကျေးရွာအုပ်စု

## တောင်သာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကိုင်းယာကြီးကျေးရွာ ၊ တောင်သာမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၀ ပြည့်နှစ် ၊ မေ လ

# မာတိကာ


| | | |
|---|---|---|
| စကားချီး | | ၃ |
| ကိုင်းယာကြီးကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ၊တောင်သာမြို့နယ် | | ၄ |
| ၁။ | တည်နေရာနှင့်ပထဝီအနေအထား | ၅ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၅ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၅-၆ |
| ၄။ | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၈ |
| ၅။ | အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ | ၈ |
| | (က) သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၈ |
| ၆။ | ပညာရေး | ၈-၉ |
| ၇။ | ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၉ |
| ၈။ | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၉ |
| ၉။ | ကျား-မ ရေးရာကိစ္စရပ်များ | ၁၀ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၁ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၂ |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၃-၅၄ |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၅၅-၅၉ |
| | နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | ၆၀-၆၂ |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | ၆၃-၆၅ |
| | နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | ၆၆-၆၈ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံး သောလူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်းအချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ၊ လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် ဦးစားပေးလုပ်ငန်းအစီအစဉ်တို့ပါဝင်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကိုင်းယာကြီးကျေးရွာ ၊ တောင်သာမြို့နယ်

၂၀၂၀ ပြည့်နှစ် ၊ မေ လ

၁. တောင်သာမြို့ လယ်ကွက်ကြီးအုပ်စု၊ကိုင်းယာကြီးကျေးရွာ၏သယံဇာတပြမြေပုံ



## ၁။ တည်နေရာနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကိုင်းယာကြီးကျေးရွာသည်မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီးတောင်သာမြို့၏ တောင်ဘက်(၈)မိုင်ခန့်တွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင်ကျောက်တစ်လုံးကျေးရွာ၊ အနောက်ဘက်တွင်ဆီမီကန်းကျေးရွာ၊ မြောက်ဘက်တွင်ရေကျော်ကျေးရွာနှင့်တောင်ဘက်တွင်လယ်ကွက်ကြီးတို့နှင့်နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ ကိုင်းယာကြီးကျေးရွာ၏ အကျယ်အဝန်းမှာ (၁၀)ကေခန့်ကျယ်ဝန်းပြီး အနီးဆုံးမြို့မှာ တောင်သာမြို့ဖြစ်ပါသည်။ ကိုင်းယာကြီးကျေးရွာသည် တောင်သာ–ကျောက်ပန်းတောင်း လမ်းမကြီး အရှေ့ဘက်(၄)ဖာလုံခန့်ရှိပါသည်။ တောင်သာ – ကျောက်ပန်းတောင်းလမ်းမှာ ကတ္တရာလမ်းဖြစ်၍ သွားလာမှုလွယ်ကူပြီး ကျေးရွာမှ တောင်သာ – ကျောက်ပန်းတောင်း ထိလမ်းနှင့် ကျေးရွာကြားမှာ မြေသားလမ်း ဖြစ်ခြင်းကြောင့် နွေရာသီနှင့် ပွင့်လင်းရာသီတွင် သွားလာမှုလွယ်ကူသော်လည်း မိုးရွာသွန်းသော အခါသွားလာမှုခက်ခဲပါသည်။ ကိုင်းယာကြီး ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောကျေးရွာဖြစ်ပြီး ကျေးရွာ ပတ်ဝန်းကျင်ရှိ ယာမြေ များမှာ မြေဆီမြေသြဇာသင့်တင့်ကောင်းမွန်သော ယာမြေများဖြစ် ပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကိုင်းယာကြီးကျေးရွာ၏ရာသီဥတုအနေအထားမှာသာမန်အားဖြင့် နွေရာသီတွင်အပူချိန် ၄၁ံ C ရှိတက်ပါသည်။ယခုနှစ်မိုးရာသီတွင်မိုးရွာသွန်းမှုနည်းပါးပါသည်။ စိုက်ပျိုးရေးအတွက် မိုးရွာသွန်းမှုကိုမှီခို၍စိုက်ပျိုးကြသည်။မိုးရွာသွန်းမှုနည်းပါးသောကြောင့်သီးနှံအထွက်နှုန်းကျဆင်း ခြင်းများရှိသည်။ ယာမြေ(၁၁၃)ကေရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ နှမ်း၊ မြေပဲ၊ဝါ၊ စပါးနှင့် ပြောင်းများဖြစ်ပါသည်။ ကိုင်းယာကြီးကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက်များမထွက်ရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်နှမ်း၊မြေပဲ၊ဝါ၊စပါးနှင့်ပြောင်းကို အဓိကစိုက်ပျိုးကြသည်။သီးနှံများမှာ မိုးရွာ သွန်းမှု အပေါ်မှီခို၍စိုက်ပျိုးကြသည်။စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာ ဝန်ဆောင်မှုများ ရရှိနိုင်ကြသည်။ကျေးရွာတွင်မွေးမြူရေးကဏ္ဍအနေဖြင့်လယ်ယာလုပ်ငန်းတွင် အသုံးပြုရန် အတွက်နွားကို အဓိကထား မွေးမြူကြသည်။တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့် နွား၊ ဝက်၊ ကြက်၊ ဘဲများ ကိုမွေးမြူကြသည်။ မွေးမြူရေးသီးသန့်မရှိပါ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေအများ အပြားရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော လက်သမား၊

ပန်းရံလုပ်ငန်းလုပ်ကိုင်သူ များရှိသည်။ကျေးရွာတွင် စာသင်းကျောင်းမရှိပါ။ ကျေးရွာတွင် မူလတန်းကျောင်းမရှိသည့်အတွက် ရေကျော် ကျေးရွာတွင် မူလွန်အဆင့်(၇)တန်း ထိသင်ယူနိုင်သည်။ ထို့နောက်အထက်တန်းပညာကို ဆီမီကန်းကျေးရွာသို့ တတ်ရောက်ရပါသည်။ မူလတန်းကျောင်းတက်နှုန်းလည်း မြင့်မားပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာ နှင့်(၆)ဖာလုံခန့် ဝေးသော ရေကျော်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် လည်းကောင်း၊ အရေးပေါ်နှင့် ရောဂါကြီးများကို တောင်သာမြို့နယ်ဆေးရုံသို့ သွားရောက် ကုသနိုင်ကြသည်။ ကျေးရွာတွင် ကိုယ်ပိုင်အဝီစိစက်ရေတွင်း (၂၃)တွင်း ရှိပါသည်။ ကိုယ်ပိုင်တွင်းများမှရေမှာငံသော်လည်း အဆင်မပြေသူများသည်သုံးရေနှင့်သောက်ရေအဖြစ် သုံးစွဲ၍ရပါသည်။ အဆင်ပြေသူများသည် ကိုယ်ပိုင်မိုးရေအုတ်ကန်မှ သောက်ရေအဖြစ်အသုံးပြု ကြပါသည်။ ရေတွင်းများမှာ နွေး၊ မိုး၊ ဆောင်း လုံလောက်မှုရှိပါသည်။ ရေအရည်အသွေး စစ်ဆေးခြင်းကိုမူ စစ်ဆေးရခြင်းမရှိသေးပါ။ ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲမှုအနေဖြင့် အိမ်ထောင်စု(၁၆)စု၊တွင်း/ဇလားအိမ်သာ သုံးစွဲမှုမှာအိမ်ထောင်စု(၁၇)၊အိမ်သာမရှိ အိမ်ထောင်စု (၁၀)စု ရှိပါသည်။ ကျေးရွာသို့သွားသောလမ်းမှာ တောင်သာ – ကျောက်ပန်းတောင်လမ်းမှာ ကတ္တရာလမ်းဖြစ်၍ သွားလာမှုလွယ်ကူပြီး ကျေးရွာမှ တောင်သာ – ကျောက်ပန်းတောင် ထိလမ်းမှာ မြေသားလမ်း ဖြစ်ခြင်းကြောင့် နွေရာသီနှင့်ပွင့်လင်းရာသီတွင်သွားလာမှုလွယ်ကူသော်လည်း မိုးရွာသွန်းသော အခါသွားလာမှုခက်ခဲပါသည်။ ကိုင်းယာကြီးကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေ များမှာ မြေဆီမြေသြဇာသင့်တင့် ကောင်းမွန်သော ယာမြေများဖြစ် ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများ ဖြစ်ပြီး ကျဉ်းမြောင်းပါသည်။ကျေးရွာတွင်လူမှုရေးကို အခြေခံ၍ ဖွဲ့စည်းထား သော ပရဟိတ အဖွဲ့အစည်း(၁)ဖွဲ့ နှင့် ဘာသာရေးကိုအခြေခံ၍ဖွဲ့စည်းထား သောဓမ္မာစကြာအဖွဲ့၊ စုစုပေါင်း (၂)ဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့သည်ကျေးရွာ၏သာရေး၊နာရေး၊ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။ကျေးရွာမှာအဖွဲ့အစည်းအစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြသည်။ ကိုင်းယာကြီးကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုတွင် အုပ်ချုပ်ရေးမှူး၊ ရွာခွဲတာဝန်ခံနှင့်ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပေါင်းညှိနှိုင်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်စီမံဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်း များတွင်စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ သာရေး၊ နာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ ကျေးရွာရန်ပုံငွေရှာဖွေခြင်းများလုပ်ဆောင်နိုင်ရန်အတွက်ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်း

၍ စီမံခန့်ခွဲစေခြင်း၊ လူငယ်အဖွဲ့များ၊ အမျိုးသမီးအဖွဲ့များမှစီမံခန့်ခွဲဆောင်ရွက်စေခြင်း စသော ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းအလိုက်တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) **သီးနှံစိုက်ပျိုးရေး။** ။ကျေးရွာတွင် နှမ်း၊ မြေပဲ၊ ဝါ ၊စပါးနှင့်ပြောင်း ကိုအဓိကစိုက်ပျိုး ကြသည်။သီးနှံများမှာမိုးရွာသွန်းမှုအပေါ်မှီခို၍ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီး ဌာနမှနည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြသည်။ စိုက်ပျိုးမြေ အရည်အသွေးသင့်တင့် ကောင်းမွန်သော်လည်း မိုးရွာသွန်းမှု နည်းပါးသောကြောင့် သီးနှံအထွက်နှုန်းနည်း ခြင်း၊ သီးနှံဆုံးရှုံးခြင်းများရှိသည်။ လယ်ယာလုပ်ငန်းကို အဓိကထားစိုက်ပျိုးသည့်ကျေးရွာဖြစ်သည့်အတွက် စိုက်ပျိုးသီးနှံများ အထွက်နှုန်း တိုးရန် စိုက်ပျိုးရေးနည်း ပညာသင်တန်းများဖွင့်လှစ်ပေးရန်လိုအပ်သည်။

(ခ) **မွေးမြူရေးလုပ်ငန်း။** ။ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့်လယ်ယာ လုပ်ငန်းတွင်အသုံးပြုရန်အတွက် နွားကိုအဓိကထားမွေးမြူကြသည်။ တစ်ပိုင်တစ်နိုင် စီးပွားရေးအနေဖြင့် နွား၊ ဆိတ်၊ ဝက် ၊ကြက် များကို မွေးမြူကြသည်။မွေးမြူရေးသီးသန့်မရှိပါ။ မွေးမြူရေးကဏ္ဍကိုစီးပွားဖြစ်မွေးမြူနိုင်ပါက စီးပွားရေးပိုမိုအဆင်ပြေလာနိုင်သည်။တိရစ္ဆာန်များမှာရာသီအလိုက်ဖြစ်တက်သော ရောဂါများကြောင့်လည်းသေဆုံးမှုများရှိတက်သည်။ သို့ဖြစ်ပါ၍တိရစ္ဆာန်ကာကွယ်ဆေးပုံမှန်ထိုးပေးရန်လိုအပ်ပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ။** ။စိုက်ပျိုးမွေးမြူရေး မရှိသောသူအများစုမှာ တောင်သူနေ့စား၊ ဈေးရောင်းနှင့် ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော်လည်း ကျွမ်းကျင်မှုအားနည်းကြသည်။လျှပ်စစ်မီးရရှိသော်လည်း အသက်မွေးဝမ်းကြောင်း နည်းပညာဝန်ဆောင်မှုများမရှိခြင်း၊အသက်မွေးဝမ်းကြောင်းပြုသော ပညာကိုကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းကြောင့် အသက်မွေးဝမ်းကြောင်း သင်တန်းများဖွင့်လှစ် ပေးရန် လိုအပ်ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ။ ကိုင်းယာကြီးကျေးရွာ ရှိ တောင်သူအချို့မှာ စိုက်ဘဏ်၊ သမဝါယမ ငွေနှင့် Pact Myanmar တို့မှချေး ငွေရရှိကြသည်။ စိုက်စရိတ်ချေးငွေမလုံလောက်ခြင်းနှင့်ထုတ်ချေးသည့်အချိန်နှင့် သီးနှံစိုက်ပျိုးသည့် အချိန်မကိုက်ညီခြင်းစသည့် အခက်အခဲများ ရှိသည်။

## ၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး။** ။ကိုင်းယာကြီးကျေးရွာတွင်သယ်ယူပို့ဆောင်ရေး အတွက်မော်တော်ဆိုင်ကယ်နှင့် ကားများကိုအသုံးပြုကြပြီး လယ်တောထုတ်ကုန် များကိုမူနွားလှည်းများဖြင့်သယ်ယူကြသည်။ကျေးရွာသို့သွားသော လမ်းမှာ တောင်သာ-ကျောက်ပန်းတောင်းလမ်းမှာ ကတ္တရာလမ်းဖြစ်၍ သွားလာမှု လွယ်ကူပြီး ကျေးရွာမှ တောင်သာ - ကျောက်ပန်းတောင်း ထိလမ်းမှာ မြေသားလမ်း ဖြစ်ခြင်းကြောင့် နွေရာသီနှင့်ပွင့်လင်းရာသီတွင်သွားလာမှုလွယ်ကူ သော်လည်း မိုးရွာသွန်းသော အခါသွားလာမှုခက်ခဲပါသည်။ ကျဉ်းမြောင်းခြင်း၊ မြေသားလမ်း များဖြစ်ခြင်း ကြောင့် ကန်ကာခင်းပေးရန်လိုအပ်ပါသည်။

(ခ) **ကျေးရွာမီးလင်းရေး။** ။ကိုင်းယာကြီးကျေးရွာ လျှပ်စစ်မီးရရှိပါသည်။ အိမ်ထောင်စု (၄၃)စုရှိပြီး ကျေးရွာ၏အိမ်ထောင်စု (၃၇)စုမှာ လျှပ်စစ်မီး အသုံး ပြုပြီး၊ အိမ်ထောင်စု( ၆ )စုမှာ အခြားနည်းဖြင့်လည်းကောင်း မီးလင်းရေး ကိုသုံးစွဲ လျှက်ရှိပါသည်။

(ဂ) **သတင်းနှင့်ဆက်သွယ်ရေး။** ။ကိုင်းယာကြီးကျေးရွာတွင်ဖုန်းတိုင်များကျေးရွာ အနီးတွင် ရှိသောကြောင့်ဆက်သွယ်ရေးဆိုင်ရာကောင်းမွန်ပါသည်။ လျှပ်စစ်မီး ရရှိသောကြောင့် TV၊စလောင်းမှ ဗဟုသုတ အစီအစဉ်များလည်း ကြည့်ရှု နိုင်ကြသည်။

## ၆။ ပညာရေး

ကျေးရွာတွင်စာသင်းကျောင်းမရှိပါ။မူလတန်းကျောင်းမရှိသည့်အတွက် ရေကျော် ကျေးရွာတွင် မူလွန်အဆင့်(၇)တန်းထိသင်ယူနိုင်သည်။ ထို့နောက်အထက်တန်းပညာကို ဆီမီကန်းကျေးရွာသို့ တတ်ရောက်ရပါသည်။သို့သော်မူလတန်းကျောင်းတက်နှုန်း မြင့်မားပါသည်။

မသန်စွမ်းသူများ အတွက် ပညာရေးအထူးအစီအစဉ်လည်းမရှိပေ။ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုယ်သို့ တက်ရောက်နိုင်ရန်အတွက်ငွေကြေးအခက် အခဲများကြောင့် တက်ရောက်နိုင်သူ နည်းပါးပါသည်။ထို့ကြောင့် စာသင်းကျောင်းတည်ဆောက်ရန် လိုအပ်သည်ကိုတွေ့ရှိရပါသည်။

## ၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့်(၆)ဖာလုံခန့်ဝေးသောဆီမီကန်းကျေးရွာကျန်းမာရေးဌာနခွဲသို့သွားရောက်ကုသရသည်။ အရေးပေါ်နှင့်ရောဂါကြီးများကို တောင်သာမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြသည်။ ကျေးရွာသည် တောင်သာမြို့နှင့် ဝေးကွာခြင်းတို့ကြောင့် ကျေးရွာပြည်သူများနှင့် အသက်အရွယ်ကြီးရင့်သူများ၏ ကျန်းမာရေး အခက်အခဲရှိသဖြင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ပေးရန်နှင့် လူမှုကူညီရေး ကားလိုအပ်ပါသည်။ကျေးရွာတွင် ကိုယ်ပိုင်အဝီစိတွင်း (၂၃)တွင်း ရှိပါသည်။ကိုယ်ပိုင်တွင်းများမှရေမှာငံသော်လည်း အဆင်မပြေသူများသည် သုံးရေနှင့် သောက်ရေအဖြစ် သုံးစွဲ၍ရပါသည်။ အဆင်ပြေသူများသည် ကိုယ်ပိုင်မိုးရေအုတ်ကန်မှ သောက်ရေအဖြစ်အသုံးပြု ကြပါသည်။ ရေတွင်းများမှာ နွေး၊ မိုး၊ ဆောင်း လုံလောက်မှုရှိပါသည်။ ရေအရည်အသွေး စစ်ဆေးခြင်းကိုမူ စစ်ဆေးရခြင်းမရှိသေးပါ။ ကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲမှုအနေဖြင့် အိမ်ထောင်စု(၁၆)စု၊တွင်း/ဇလားအိမ်သာ သုံးစွဲမှုမှာ အိမ်ထောင်စု(၁၇)၊ အိမ်သာမရှိ အိမ်ထောင်စု (၁၀)စု ရှိ၍ ကျန်းမာရေးဗဟု သုတများနည်းကြောင်းတွေ့ရပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကိုင်းယာကြီးကျေးရွာရှိစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်းကြောင့်ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာများသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစားဓါတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများပြားသည့်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလက်စတစ်အိတ်၊ ပုလင်းခွံ၊ ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကျသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင်အပူချိန်မြင့်မား၍မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့်ကြုံတွေ့ရပြီး လေပြင်းများတိုက်ခတ်ခြင်း၊မိုးသီးများကြွေကျခြင်း၊မိုးသည်းထန်စွာရွာသွန်းနိုင်ခြင်းတို့ကြောင့်လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများဆုံးရှုံးနိုင်ခြင်းစသော ဘေးအန္တရာယ်များလည်းဖြစ်ပေါ်လာနိုင်ပါသည်။ သို့ပါ၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားသင့်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်များ

ကိုင်းယာကြီးကျေးရွာတွင်ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာလွတ်လပ်မှုရှိသည်။ ကျား - မ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်မူ ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားမှုမရှိ၍ ဆောင်ရွက်နိုင်မှုအားနည်းကြသည်။ ကျေးရွာတွင်ကျားနှင့်မ အကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင်အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင်အခွင့် အရေးတူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။

ကိုင်းယာကြီးကျေးရွာတွင် ဓမ္မာစကြာအဖွဲ့(၁)ဖွဲ့ရှိပြီးနှစ်စဉ်ဝါတွင်းကာလ လပြည့် လကွယ် နေ့များတွင် သံဃာဆွမ်းလောင်းခြင်း၊ ဓမ္မာစကြာရွတ်ဖတ်ပူဇော်ခြင်း ၊ ပဋ္ဌာန်းဒေသနာများရွတ်ဆို ပူဇော်ကြပါသည်။ သီးတင်ကျွတ်လတွင် ကျေးရွာဘုရားပွဲရှိ၍ ဆွမ်းလောင်းလှူကြသည်။ကျေးရွာရှိ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့်တန်းတူရင်ဘောင်တန်း၍ပူးပေါင်း ဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင်လုပ်ကိုင်ကြသောအမျိုးသားများ၏ ပျှမ်းမျှတစ်ရက်အများဆုံးလုပ်အားခမှာ (၅၀၀၀ိ/-) ကျပ်နှင့် အမျိုးသမီးများအတွက်လုပ်အားခ(၄၀၀၀ိ/-)ရရှိပြီး အမျိုးသားများအတွက် အနည်းဆုံးလုပ်အားခ (၄၀၀၀ိ/-) နှင့်အမျိုးသမီးများအတွက် (၃၀၀၀ိ/-)ရရှိပါသည်။ ဆောက်လုပ် ရေးလုပ်ငန်းများတွင်ကျွမ်းကျင်သောလက်သမား၊ပန်းရံလုပ်သားများအတွက်လုပ်အားခ(၈၀၀၀ိ/-) ရရှိပြီးနောက်လိုက်လုပ်သားအတွက်လုပ်အားခ(၅၀၀၀ိ/-)နှင့် အမျိုးသမီးများအတွက်လုပ်အားခ (၄၀၀၀ိ/-ရရှိပါသည်။ နေ့တွက်လုပ်အားခများတွင်အမျိုးသားများကအမျိုးသမီးများထက်လုပ်အားခ ပိုမိုရရှိကြသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစားပေး အဆင့် | စီမံချက်အမည် | ဦးစားပေး အဆင့် |
|---|---|---|---|
| ကားလမ်းနှင့်ကျေးရွာကြား ကွန်ကရစ်လမ်းဖောက်လုပ်ခြင်း | ၁ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၉ |
| ဘုန်းကြီးကျောင်းဆောက်လုပ်လိုခြင်း | ၂ | ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်လိုခြင်း | ၁၀ |
| လူမှုကူညီရေးကားချထားပေးစေလိုခြင်း | ၃ | စိုက်ပျိုးရေးနှင့်ဆိုင်သော စက်ပစ္စည်းများ ပံ့ပိုးပေးစေလိုခြင်း(လယ်ထွန်စက်) | ၁၁ |
| အသက်မွေးဝမ်းကျောင်းသင်တန်းများပို့ချပေးစေလိုခြင်း (ကွန်ပျူတာ၊အပ်ချုပ်စက်၊စက်ပြင်၊လက်သမား/ပန်းရံ၊ အလှပြင်၊ဂဟေဆော်) | ၄ | မျိုးကောင်းမျိုးသန့်များချထားပေးစေလိုခြင်း | ၁၂ |
| ဓမ္မာရုံတိုးချဲ့ဆောက်လုပ်လိုခြင်း | ၅ | သဘာဝဓါတ်မြေသြဇာထုတ်လုပ်နည်းသင်တန်း ပို့ချ ပေးစေလိုခြင်း | ၁၃ |
| ကျေးလက်ဆေးပေးခန်းဆောက်လုပ်လိုခြင်း | ၆ | ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးစေလိုခြင်း | ၁၄ |
| ကျန်ကျေးရွာအဝင်လမ်းအားကွန်ကရစ်လမ်းဖောက်လုပ် ပေးစေလိုခြင်း | ၇ | စိုက်ပျိုးရေးနည်းပညာသင်တန်းများပို့ချပေးစေလိုခြင်း | ၁၅ |
| မူလတန်းစာသင်ကျောင်းဆောက်လုပ်ခြင်း | ၈ | ဘောလုံးကွင်းဆောက်လုပ်ပေးစေလိုခြင်း | ၁၆ |

## ကိုင်းယာကြီးကျေးရွာ ၊ လယ်ကွက်ကြီးကျေးရွာအုပ်စုကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသိန်းဝင်း(ချက်) | ဦးဆင်ပေါက် | ၉/တသန(နိုင်) ၁၁၀၆၉၇ | ၄၅ | ဥက္ကဋ္ဌ | ၀၉-၉၇၃၀၉၄၈၀၀ |
| ၂ | ဦးဆန်းဝင်း(ချက်) | ဦးမွား | ၉/တသန(နိုင်) ၁၁၄၇၈၈ | ၃၈ | အတွင်းရေးမှူး | ၀၉-၆၈၂၉၁၆၁၆၂ |
| ၃ | ဦးကျော်ဦး | ဦးကျစ်တီး | ၉/တသန(နိုင်) ၁၆၂၇၁၇ | ၄၅ | ဘဏ္ဍာရေးမှူး | ၀၉-၄၄၁၄၅၄၁၉၃ |
| ၄ | ဒေါ်မိုးမိုး | ဦးထိုက် | ၉/တသန(နိုင်) ၀၆၉၄၁၀ | ၅၇ | စာရင်းကိုင် | ၀၉-၄၄၅၄၀၁၀၉၄ |
| ၅ | ဦးမောင်ဌေး | ဦးသာမွန် | ၉/တသန(နိုင်) ၀၃၃၀၉၁ | ၄၈ | သော့ကိုင် | ၀၉-၂၅၉၀၈၉၇၁၆ |
| ၆ | ဒေါ်ဝါဝါမြင့် | ဦးကြည်သိန်း | ၉/တသန(နိုင်)၁၄၇၈၉၉ | ၃၂ | အဖွဲ့ဝင် | ၀၉-၄၅၈၂၉၆၆၈၃ |
| ၇ | ဦးကျော်မင်းသူ | ဦးရာအေး | ၉/တသန(နိုင်) ၁၀၉၉၈၀ | ၃၉ | အဖွဲ့ဝင် | ၀၉-၄၄၃၈၄၁၂၄၂ |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | | ၁ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၈ | ၅ | ၁၃ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၅ | ၅ | ၁၀ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၆ | ၁၅ | ၂၁ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၂ | ၆၉ | ၁၃၁ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၉ | ၁၁ | ၂၀ |
| **စုစုပေါင်း** | | ၉၁ | ၁၀၅ | ၁၉၆ |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၃** | | |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။ လေ့လာတွေ့ရှိချက်။ ။ကိုင်းယာကြီးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၄၃)စုရှိ၍ လူဦးရေမှာ ကျား(၉၁)ဦး၊မ(၁၀၅)ဦး စုစုပေါင်း(၁၉၆)ဦးရှိပါသည်။ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေမှာ (၄.၅)ဦး ဖြစ်သဖြင့် နိုင်ငံတကာလူဦးရေနှင့် နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးမှုသင့်တင့်ပါသည်။ ကိုင်းယာကြီးကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်းလူဦးရေ၏ (၆၆.၈%)ဖြစ်သဖြင့် အလုပ်လုပ်နိုင်သော လူဦးရေများပြားပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်တွင် ပြည်တွင်းပြည်ပသို့သွားရောက်အလုပ် လုပ်ကိုင်နေသူများလည်းပါဝင်ပါသည်။

**(ခ)အလုပ်လုပ်နိုင်သူ (ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၇ | ၇၇ | | မြင့် ☐လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၅ | ၆၉ | | မြင့် ☐လတ်☑နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၃၂ | | မြင့် ☐လတ်☐နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☑နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၁ | လက်လီ–လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☑နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၆ | ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☑နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၄ | ၁၈ | | မြင့် ☐လတ်☐နိမ့် ☑ |
| | **စုစုပေါင်း** | | | | ☒ |

ရင်းမြစ်**...**(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။‘‘**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**”အရေအတွက်တွင် ‘‘ **မိသားစုဝင်လုပ်အား**” ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ ‘‘ **ရပ်တည်နိုင်မှု(နိမ့်၊လတ် ၊ မြင့်)**” ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်း အဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု၊ဝင်ငွေစသည့် အခြေအနေကိုဆိုလိုပါသည်။ ဥပမာ –‘‘ **စိုက်ပျိုးရေးကဏ္ဍ** ”၏ “ **ကိုယ်ပိုင်လုပ်ငန်း** ”တွင်ရပ်တည်နိုင်မှု“ **မြင့်** ”

ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်း များနေသည် ဝင်ငွေကောင်းနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး အများစုမှာကြုံရာကျပန်းများ လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်သူကိုယ်ပိုင်အိမ်ထောင်စု (၁၇)စု၊ စိုက်ပျိုးရေးအလုပ်သမားအိမ်ထောင်စု(၁၅)စု၊ဆောက်လုပ်ရေးအလုပ်သမားအိမ်ထောင်စု(၇)စု နှင့်ပြင်ပအဖွဲ့အစည်းနှင့်ကုမ္ပဏီလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု (၄)စုရှိပြီး စုစုပေါင်း(၄၃)စုရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား(၃)လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၅၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | စားသောက်ဆိုင်လုပ်ငန်း | | | | | |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။
မှတ်ချက်(၁)လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)
(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်အားခ မှာ အမျိုးသားများအတွက်အများဆုံးလုပ်အားခ(၄၀၀၀ိ/-)နှင့် အမျိုးသမီးများအတွက် လုပ်အားခမှာ (၃၀၀ဝိ/-)နှင့် အနည်းဆုံးခလုပ်အားခမှာ အမျိုးသား(၄၀၀ဝိ/-)နှင့် အမျိုးသမီး(၂၅၀ဝိ/-)၊ ပန်းရံ၊လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ (၇၀၀ဝိ/-)ကျပ် နောက်လိုက်အဆင့်မှာ (၅၀၀၀/-)ရရှိနိုင်ကြသည်။အမျိုးသမီးများမှာ အများဆုံး(၅၀၀ဝိ/-)နှင့် အနည်းဆုံး(၄၀၀ဝိ/-)ရရှိကြပါသည်။နေ့တွက်လုပ်အားခငွေများမှာ အမျိုး သားများက ပိုမိုရရှိကြသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား(၄)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၁ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | ၉၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၁၂ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| စုစုပေါင်း | ၁၁၃ | ☒ |

ရင်းမြစ်…(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊(၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုး ကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူရေး လုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ယာမြေ(၁၁၃)ဧက ရှိပါသည်။ပင်လယ်ကမ်း ၊ မြစ်ကမ်းဘေး ကျေးရွာမဟုတ်သောကြောင့် ကိုင်း၊ကျွန်း၊ဓနိတောမြေများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။) | များ☐ သင့်☐ နည်း☐မရှိ☑ | လွယ်☐ခက်☐အသုံးမပြုနိုင်ပါ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☐အသုံးမပြုနိုင်ပါ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☐ခက်☑အသုံးမပြုနိုင်ပါ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် ချောင်းသဲရှိသော်လည်း ကုန်ထုတ်လမ်းမရှိသောကြောင့် အခက်အခဲရှိပါသည်။ ဆေးဖက်ဝင်အပင်များမှာ ရှားစောင်းလပတ်၊ နွယ်ချို၊ ဆင်တုန်းမနွယ်အပင်များရှိပါသည်။ အခြားတွင်းထွက်သံယဇတ၊ သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသော အိမ်ထောင်စု | မပြေလည် သော အိမ်ထောင်စု | အလွန်မပြေလည် သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧက အထက် | ၅ ဧက အထက် | ၅ ဧက အောက် | - |
| အိမ်အခြေအနေ | တိုက် | သွပ်မိုးထရံကာ | တဲအိမ် | - |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | ထွန်စက် သုံးဘီး | ဆိုင်ကယ် | စက်ဘီး | - |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး | လက်မှု | လက်လုပ်လက် စား | - |
| **အိမ်ထောင်စု** | ၁၁ | ၂၃ | ၉ | |

ရင်းမြစ်...(၁)ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကိုင်းယာကြီးကျေးရွာတွင် အိမ်ထောင်စု(၄၃)ရှိပြီး အဆင်ပြေသည့် အိမ်ထောင်စု (၁၁)စု၊အလယ်အလတ်အိမ်ထောင်စု(၂၃)စုနှင့် မပြေလည်သော အိမ်ထောင်စုများ(၉)စု ရှိသည်ဟုသတ်မှတ်ကြပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ(ဥစ္စာ ဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = --------------- |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| | | လုပ်အားခကြိုယူ = --------------- |
| ဖေလမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |

ရင်းမြစ်..ဉစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ -

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

## ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကိုင်းယာကြီးကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၊ မသန်စွမ်းသည့်ပုဂ္ဂိုလ်၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်အိမ်ထောင်စု ၊မုဆိုးဖို၊ တစ်ခုလပ်မိသားစုများမရှိပါ။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

## ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ်☑ နိမ့်☐ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၇ | လျှော | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့် ☐ လတ်☑ နိမ့်☐ မရှိ ☐ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကိုင်းယာကြီးကျေးရွာတွင် သဘာဝအရင်းအမြစ်ဖြစ်သော စိုက်ပျိုးမြေများရှိပြီး စိုက်ပျိုးရေများမှာ လုံလောက်မှုမရှိပါ။ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် ပင်လယ်နှင့်မြစ်များမရှိသဖြင့် ရေကြီးခြင်း၊ဆားငံရေဝင်ရောက်ခြင်း၊မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှုနှင့် မီးဘေးအန္တရာယ်ကျရောက်မှုများမရှိပါ။မုန်တိုင်းတိုက်ခတ်မှုမရှိဘဲ တခြားဒေသများသို့ မုန်တိုင်းတိုက်ခတ်ပါက မုန်တိုင်း၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်း၊လေပြင်းတိုက်ခတ်ခြင်း များရှိပါသည်။ ငှက်ဖျားရောဂါ၊တီဘီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | **ပင်လယ်**/မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| **၁၅** | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| **၁၆** | နေရပ်ပြန်အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| **၁၇** | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

ရင်းမြစ်**…**ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ထိခိုက်နိုင်မှု အန္တရာယ် နိမ့်၊လတ်၊မြင့် သတ်မှတ်ရာတွင် ပထမဦးစွာ မိမိကျေးရွာတွင် ထိခိုက်မှုခံရနိုင်သည့်သူများ သတ်မှတ်ပါ။ ထို့နောက် ၄င်းပုဂ္ဂိုလ်များအလိုက် ထိခိုက်နိုင်သည့် အန္တရာယ်အမျိုးအစားဖော်ပြ၍ နိမ့်၊လတ်၊မြင့် သတ်မှတ်ရန်ဖြစ်သည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ လူငယ်အများစုသည် ငယ်ရွယ်သူများဖြစ်ခြင်း၊အမှားအမှန်ကောင်းစွာမခွဲခြားနိုင်ခြင်း၊စိတ်လိုက်မာန်ပါလုပ်တက်ခြင်း ဗီဇများကြောင့် ထိခိုက်လွယ်မှုမြင့်မားသူများဖြစ်ပါသည်။အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများသည်လည်း ထိခိုက်လွယ်မှုအမြင့်ဆုံးဖြစ်သည်။လက်လုပ်လက်စားများ၊ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများသည်လည်း ဆင်းရဲပြီး ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
